# ပစ္စည်းများ မ တင်သည့်နည်း

ပစ္စည်းများမ,တင်ရာတွင် ကိုယ်ခန္ဓာအဆင်သင့်ဖြစ်ပြီး
ရှေ့သို့ခြေလှမ်းနိုင်မည့် ပုံမှန်အနေအထားဖြစ်ရမည်။



ခါးကိုဖြောင့်တန်းစွာထားပြီးကိုယ်ကို
လျှော့ချရမည်။( ဒူးညွှတ်ပေးပါ )



လက်မောင်းနှစ်ဖက်ကို
ကိုယ်နှင့်ကပ်ထားပါ။
လက်မောင်းကို ကိုယ်နှင့်ခွာ
ထားခြင်းမပြုရ။




မ,ရမည့် ပစ္စည်းအားမြဲမြံစွာ
ကိုင်တွယ်ပါ။ (လက်ဖဝါးဖြင့်
သေချာဆုပ်ကိုင်ထားခြင်း
ဖြင့် လက်မှလွတ်သွားခြင်း၊
လျှောကျသွားခြင်းမှ
ကာကွယ်နိုင်မည်။)



မ,ရမည့်ပစ္စည်းကို ကိုယ်ခန္ဓာနှင့်
အနီးဆုံးကပ်ထားခြင်းသည်
ပစ္စည်းအလေးချိန်ကို
ခြေနှစ်ဖက်ကြားတွင်
ညီမျှစွာထားခြင်း ဖြစ်သည်။



# ကရိန်းစက်သုံးခြင်း




မြေပေါ်မှ ပစ္စည်းကို မ,မခင်သေချာချည်နှောင်
၍ ချိန်းကြိုးများကိုစစ်ဆေးပါ။



မ,တင်နေစဉ် ပစ္စည်းအောက်တွင်
မည်သူမျှ မနေစေနှင့်။


# ဝန်ချီစက်ယာဉ်များသုံးခြင်း

ဝန်ချီစက်မ,တင်သည့်လက်တံများ
ပေါ်တွင် ရပ်မနေနှင့်။






ပစ္စည်းများကို ဝန်ချီစက်ယာဉ်မောင်း
သူအမြင်ကွယ်အောင် အမြင့်ကြီးမတင်
ပါနှင့်။အန္တရာယ်ဖြစ်နိုင်သည်။





ပစ္စည်းများကိုစင်ပေါ်တွင် အမြင့်ကြီးစီ,
တင်ထားခြင်းဖြင့်ပြုတ်ကျကာ
ထိခိုက်အန္တရာယ်ဖြစ်ပွားနိုင်သည်။




ဝန်ချီစက်သွားရာမဟုတ်သောလမ်းကြောင်း
သို့သာ သွားလာလှုပ်ရှားပါ။



## ဝန်ချီစက်ယာဉ်များသုံးခြင်း

ဝန်ချီစက်မောင်းနှင်သူသည်လမ်းသွားလမ်းလာများ
ရှောင်တိမ်းရန် ဟွန်းတီး(သို့) အချက်ပြပေးပါ။






ပစ္စည်းများကို မတင်ခင်
စက်၏လက်တံများ ယာဥ်နှင့်သေချာ
ချိတ်ဆက်မှုရှိ ၊မရှိ စစ်ဆေးပါ။



## အလုပ် လုပ်သောဝတ်စုံ



- အင်္ကျီအနားစများကို ဘောင်းဘီအတွင်းသို့ ထည့်ပါ။
- ကြယ်သီးများအားလုံးတပ်ပါ။
- ဖိုင်ဘာဦးထုပ်ကို မေးကြိုးတပ်ပါ။
- မျက်မှန်၊ မျက်ကာတပ်ပါ။
- နှာခေါင်း၊ ပါးစပ်ကာများစည်းပါ။
- နားကြပ်တပ်ပါ။
- လုပ်ငန်းခွင် ဖိနပ်စီးပါ။
- ချွန်ထက်သော၊ ရှစေတတ်သော အရာများ၊မီးလောင်စေတတ်သော အရာများအိတ်ကပ်ထဲတွင်မထည့် ထားပါနှင့်။
- ဖော်ပြပါအလုပ်ဝတ်စုံနှင့် ကိရိယာများ မရှိလျှင် ဆင်တူသောပစ္စည်းကိရိယာ များကို ရှာဖွေခြင်း၊ သို့မဟုတ် အန္တရာယ်ကာကွယ်နိုင်သော ပစ္စည်းများဖြင့်  အစားထိုးအသုံးပြုပါ။

## ကိုယ်ခန္ဓာကိုလုံခြုံစွာ ကာကွယ်ပေးနိုင်သည့် ကိရိယာ တန်ဆာပလာများ

ဦးခေါင်းပိုင်းကာကွယ်ရန်ကိရိယာဆိုင်ကယ်စီးဦးထုပ်သည် ဦးခေါင်းကိုပြင်းထန်စွာ ထိခိုက်ခြင်းမှ ကာကွယ်နိုင်သည်။ လျှပ်စစ် ဖြတ်စီးမှု၊ အပူလောင်ကျွမ်းမှုများကိုကာကွယ်နိုင်သည်။ ဦးထုပ်၏ ခိုင်မာမှုမှာ ထုတ်လုပ်ရန်အမာခံကုန်ကြမ်း ပေါ်တွင် မူတည်၍




အထက်ဖိအားကာသက္ကာန်



ဦးခေါင်းတစ်ခုလုံးအုပ်ဆောင်းသောပုံသက္ကာန် ဟူ၍ခွဲခြားထား သည်။


## မျက်နှာနှင့်မျက်လုံးကိုကာကွယ်ပေးသောကိရိယာ

ဓါတုဗေဒပစ္စည်းများဆိုင်ရာလုပ်ငန်း၊ ဂဟေဆော်သည့်လုပ်ငန်း၊ တွင်ခုံနှင့် ကျောက်မီးသွေးလုပ်ငန်းများမှ အခိုးအငွေ့နှင့် အမှုန်အစများ မျက်လုံးအတွင်း ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်သော ကိရိယာများကို အသုံးပြုရန်လိုသည်။ မျက်နှာကို ကာကွယ်ပေးနိုင်သော ကိရိယာများမှာ လုပ်ငန်းခွင်အလိုက် အမျိုးမျိုး ကွဲပြားနိုင်သည်။



- **အန္တရာယ်ကာမျက်မှန်**

  သာမန်မျက်များနှင့် ပုံသက္ကာန်အားဖြင့် တူသော်လည်း မှန်သားပိုမိုခိုင်မာသည်။ထိခိုက်ဆောင့်မိခြင်း၊ ဖေါက်ထွင်းနိုင်ခြင်း၊ အပူရှိန်နှင့် ဓာတုပစ္စည်းများ တိုက်ဖြတ်လောင်ကျွမ်းခြင်းများကို ခုခံနိုင်သည်။



**မျက်အိမ်ဖုံးမျက်မှန်**

အန္တရာယ်ကာမျက်မှန်များနှင့် ခိုင်မာမှုတူညီသော်လည်း မျက်အိမ်တခုလုံးကို ဖုံးကာနိုင်သည်။ လေရှူပေါက်များ ပါဝင်ကာ အကြမ်းခံနှင့် ဓါတုဗေဒပစ္စည်းခံဟူ၍ ခွဲခြားထားသည်။



**ဂဟေဆော်မျက်မှန်**

သံဖြတ်ဆက်ခြင်းများမှ ဖြစ်တတ်သော စူးရှသည့်အလင်းရောင်နှင့် သံစများ၊ မီးပွင့်မီးပွားများ၊ ရောင်ခြည်နှင့် ဓါတုပစ္စည်းအစအနများ၊ အခိုးအငွေ့များမှ ကာကွယ်နိုင် သည်။



**ဂဟေဆော်မျက်ကာ**

လက်ကိုင်ဒိုင်း



**ဂဟေဆော်မျက်ကာ**

ဦးခေါင်းစွပ် သက်သက် ဟူ၍ ခွဲခြားထုတ်လုပ်ထားသည်။



**ဦးခေါင်းစွပ်များ**

သည် အန္တရာယ်ကာဦးထုပ်နှင့် တဆက်တည်း ဆက်စပ်ထားသည်။



**ဦးခေါင်းစွပ်များ**

ဓါတ်ငွေ့ကာ အစီခံမပါ



**ဦးခေါင်းစွပ်များ**

ဓါတ်ငွေ့ကာအစီခံနှင့် ဟူ၍ ခွဲခြားထားသည်။

## လက်ကိုကာကွယ်ရန် ကိရိယာတန်ဆာပလာများ

လက်ချောင်းများနှင့် လက်များသည် လျှပ်စစ်ဓါတ်လိုက်ခြင်း၊ ဓါတုရည်များလောင်ကျွမ်းခြင်း စသဖြင့် ထိခိုက်ခြင်းခံရရန် အလွန်လွယ်ကူသော ကိုယ်အင်္ဂါအစိတ်အပိုင်းများ ဖြစ်သောကြောင့် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုများမှ ကာကွယ်ရန် လက်အိတ်များ စွပ်ထားသင့်သည်။



### လျှပ်ကာ လက်အိတ်

လျှပ်ကာလက်အိတ်ကို အတွင်းဘက်၌စွပ်၍ အပြင်တွင်သားရေလက်အိတ်ကို ထပ်မံစွပ်ခြင်းဖြင့် လျှပ်ကာလက်အိတ်၏ စုတ်ပြဲမှုကို ကာကွယ်ပေးရုံသာမက လျှပ်စစ်ဓာတ်ကူးခြင်းမှ ရာနှုန်းပြည့် ကာကွယ်နိုင်သည်။



### သားရေလက်အိတ်

မျက်နှာပြင်မညီညာသော အရာဝတ္ထုနှင့် ပူလောင်သော အရာဝတ္ထုများကို အချိန်တိုတိုအတွင်း ကိုင်တွယ်ရာတွင် သုံးနိုင်သည်။ လေးလံသောပစ္စည်းများ မ,တင်ရန်နှင့် ဂဟေဆက်ခြင်း လုပ်ငန်းများတွင် ပိုမိုသင့်လျော်သည်။



### အပူကာလက်အိတ်

ပူလောင်သောအရာများကို အချိန်တိုတိုအတွင်း ကိုင်တွယ်ရာတွင် သုံးနိုင်သည်။



### ဓာတုပစ္စည်းကာလက်အိတ်

အစိုင်အခဲ (သို့မဟုတ်) အရည်ဖြစ်သော ဓာတုပစ္စည်းများမှ ကာကွယ်နိုင်သော လက်အိတ်မှာ လုပ်ငန်းခွင်နှင့် သင့်လျော်သော လက်အိတ်ဖြစ်ရမည်။



### သံဇကာလက်အိတ်

အသွားထက်သော အရာဝတ္ထုများကို ကိုင်တွယ်ရာတွင် အသုံးပြုသည်။